
mgy m SAMPLE BOOK




# အကြောက်တရား တွန်းလှန်ခြင်းနှင့်

ညီလေးသို့ ပေးစာများ

ဖော်ဝန်းသီဟ

mgyoe.com

SAMPLE BOOK

သူတပါး လောင်းရိပ်ခိုပြီး
ရရှိလာတဲ့ အောင်မြင်မှုဟာ
ကြာရှည် မခံနိုင်ပါဘူး။
လောင်းရိပ်မိတဲ့ အောင်မြင်မှုဟာ
စိန်နားကပ်ရောင်နဲ့ ပါးပြောင်ရတဲ့ အောင်မြင်မှု၊
စိုင်ကော်လို့ ချုပေါ်ရောက်တဲ့၊
အနှစ်မရှိတဲ့ အောင်မြင်မှုပါပဲ...

SPLK 2 3500
(အောင်မြင်ရေး)အဝကြောက်ထရာ
တွေန်းလှန်ဖြင်းနှင့်ညီဝလားသို့ပေး
တ...
CS.ZLN0002

mgyoe.com



# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပထမအကြိမ် | - | ဇူလိုင်လ၊ ၂၀၂၃ ခုနှစ်၊ ဇလပ်နီစာပေ။ |
| ညီလေးသို့ ပေးစာများ | - | မော်ဝန်းသီဟ |
| မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း | - | ညလင်းသွေး |
| စာတည်း | - | ဇသစ်ထွန်း |
| စာအုပ်ချုပ် | - | ဗိုးဗွင့်မွှေး |
| အုပ်ရေ | - | ၇၀၀ |
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ |
| | | ၀၉၈၉၉၆၄၀၆၆၈ ၊ ၀၉၄၄၇၂၆၈၂၆၇ |
| | | *www.zalatnisarpay.com* |
| ရောင်းဈေး | - | ၃၅၀၀ ကျပ် |

ဦးခင်ထက်တန်၊ တောင်ဇလပ်နီစာပေ (၀၂၇၇၄) က ထုတ်ဝေ၍ ပုံရိပ်ရှင်ပုံနှိပ်တိုက် (၀၀၈၃၆)၊ အမှတ်(၈)၊ အိပ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်တွင် ရိုက်နှိပ်သည်။

၈၀၈.၈၄

မော်ဝန်းသီဟ

ညီလေးသို့ ပေးစာများ၊ မော်ဝန်းသီဟ - ရန်ကုန်။

ဇလပ်နီစာပေတိုက်၊ ၂၀၂၃။

စာ-၁၁၂ ၊ ၁၂ × ၁၈ စင်တီ

(၁) ညီလေးသို့ ပေးစာများ

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | ယုံကြည်ရာ | ၈ |
| ၂။ | အက်လက်ဇန္ဒား မဖြစ်ခဲ့ရင် ဒိုင်အိုဂျီးနီးစ် ဖြစ်ချင်တယ် | ၁၈ |
| ၃။ | ဝေဖန်ခြင်း အနုပညာ | ၂၆ |
| ၄။ | ပြန်ဆုံဝံ့သူ ဖြစ်ပါစေ | ၃၄ |
| ၅။ | လို၍ မရသော ဆင်းရဲနှင့် လောကလူသား | ၄၂ |
| ၆။ | လွတ်လပ်စွာ ကစားပါစေ | ၅၂ |
| ၇။ | အကြောက်တရား တွန်းလှန်ရေးကဗျာ | ၆၀ |
| ၈။ | လောင်းရိပ်အောက် ရုန်းထွက်ရှင်သန်ပါ | ၇၀ |
| ၉။ | စေတနာမှုသား | ၇၈ |
| ၁၀။ | တွန်းလှန်ကာကွယ် အဖြူရောင်အန္တရာယ် | ၉၀ |
| ၁၂။ | ပရိုးမီးသယူးစ်၊ သို့မဟုတ် အမှောင်ကို တော်လှန်သူ | ၁၀၀ |




mgyoe.com

mgyoe.com
SAMPLE BOOK




ဇလပ်နီစာပေ

mgyoe.com

(၁)

ညီလေးရေ…

အစ်ကိုက တေးသီချင်း သံစဉ်တွေ နားထောင်ရတာထက် စာအုပ်စာပေတွေ ဖတ်ရှုရတာကို ပိုနှစ်ခြိုက်တဲ့သူ။

ဒါပေမဲ့ တေးရေး၊ တေးဆို 'သွန်းပု' ရေးစပ်ဖန်တီးထားပြီး အဆိုတော်ကြီး 'လေးဖြူ' သီဆိုထားတဲ့ 'ယုံကြည်ရာ' သီချင်းကိုတော့ မကြာမကြာ နားထောင်ဖြစ်တယ်။

'လူဆိုတာ အမြဲ ယုံကြည်ရာ တခုအတွက် အသက်ကိုတောင် စတေးကြတာပဲ'

ဆိုတဲ့ ယုံကြည်ရာ သီချင်းပါ ဒီစာသားလေးကို စတင် ကြားရချိန်မှာ အစ်ကို့စိတ်ထဲ ဘဝင်မကျမိဘူး။

'ဘယ်သူကများ ယုံကြည်ရာအတွက် အသက်ကို စတေးဝံ့မှာလဲ'

လို့ တကိုယ်တည်း မေးခွန်း ထုတ်ကြည့်ခဲ့ဖူးတယ်။

m g y o e . c o m SAMPLE BOOK


ပုထုဇဉ် လူသားတို့အတွက် ခက်ခဲလွန်းတယ်လို့ အစ်ကို ထင်မြင်ခဲ့မိတယ် ညီလေးရေ။

ဒါပေမဲ့ 'ကျောင်းသူ၊ ကျောင်းသားများအတွက် ကမ္ဘာကျော်ပုဂ္ဂိုလ်များ' စာအုပ် အတွဲလေးတွေကို စုစည်းရေးသားဖို့ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေအကြောင်း ရှာဖွေဖတ်ရှုရင်း ယုံကြည်ရာအတွက် အသက်စွန့်ခဲ့သူတွေကို တအံ့တသြ တလေးတစားနဲ့ တွေ့သိခဲ့ရတယ်။

အဲဒီပုဂ္ဂိုလ်ကြီးတွေရဲ့ ယုံကြည်ရာတွေကို ညီလေးအတွက် မျှဝေလိုက်ပါရစေ။

ဖ ဖ ဖ


m g y o e . c o m

mgyoe.com SAMPLE E-BOOK


# (၂)

ပထမဆုံး မျှဝေပြောပြချင်သူက ဂရိအတွေးအခေါ် ပညာရှင်ကြီး ဆိုကရေးတီးစ်ပေါ့။

အတွေးအခေါ် ပညာရှင်ကြီး ဆိုကရေးတီးစ်ဟာ ဂရိအေသင်မြို့ပြနိုင်ငံမှာ ယုံကြည်ချက်အတွက် အသက်ပေးခဲ့ရသူ ပညာရှိကြီးတဦး ဖြစ်တယ်။

ဆိုကရေးတီးစ်ရဲ့ လက်ကိုင်မူဝါဒက-

'မိမိ၏ ကိုယ်ကျင့်တရားအား လေ့လာစိစစ်ခြင်းဖြင့် အမှန်တရားကို ရှာဖွေခြင်း'

ဖြစ်ပါတယ်။

ဆိုကရေးတီးစ်ဟာ ကိုယ်ကျင့်တရားကိုပဲ ဂရုတစိုက် ကြံဆနေသူ မဟုတ်။ လက်ရုံးရည်နဲ့ ပြည့်စုံတဲ့ စစ်သည်တော်လဲ ဖြစ်ခဲ့ဖူးတယ် ညီလေးရေ။

စစ်ပွဲပေါင်း များစွာကိုလဲ ပါဝင်ဆင်နွှဲပြီး အောင်ပန်းများစွာ ဆွတ်ခူးခဲ့ဖူးသူလဲ ဖြစ်တယ်။

ဒါပေမဲ့ စစ်တိုက်ခြင်းက ကိုယ်ကျင့်တရား ကောင်းမွန်ရေးဝါဒ


mgyoe.com

mgyoe.com SAMPLE BOOK


ကို ဖီလာဆန့်ကျင်နေတာကို သိလာချိန်မှာတော့ သူဟာ စစ်တိုက်ခြင်းကို အပြီးတိုင် ရှောင်ကြဉ်ခဲ့တယ်။

ဒါကြောင့် အေသင်အစိုးရရဲ့ မုန်းထား ငြိုငြင်ခြင်းကိုလဲ ခံခဲ့ရတာပေါ့။

ဆိုကရေးတီးစ်ရဲ့ အယူအဆတွေက အဲဒီခေတ် ဘာသာရေး အယူနဲ့လည်း ဆန့်ကျင်ခဲ့တယ်။

ဒါကြောင့် ဆိုကရေးတီးစ်ခမျာ အေသင် အစိုးရ အပါအဝင် မာနခက်ထန်ပြီး ကိုယ်ကျင့်တရား မရှိတဲ့ လူတစုနဲ့ အမြဲ ဆန့်ကျင်ဘက် ဖြစ်နေခဲ့ရတယ်။

'လူငယ်တွေရဲ့ ကိုယ်ကျင့်တရားကို ပျက်ပြားစေရုံသာမက လူတွေရဲ့ လက်ရှိ ယုံကြည်ကိုးကွယ်မှုကို စော်ကားနေပါတယ်'

လို့ မတရား အမှုဆင် တရားစွဲဆို ခံခဲ့ရတယ် ညီလေးရယ်။

ဆိုကရေးတီးစ်ရဲ့ တပည့်တွေက ရှေ့နေငှားရမ်းပြီး တရားဆိုင်ဖို့ ပြောပေမဲ့လဲ ဆိုကရေးတီးစ်က လက်မခံဘဲ သူကိုယ်တိုင် သူ့ရဲ့ အယူအဆတွေကို ရှင်းလင်းဖြေဆိုခဲ့တယ်။

ဒီလို တရားခွင် ရှင်းလင်းချက်တွေဟာ ဆိုကရေးတီးစ်ရဲ့ လျှောက်လဲချက်တွေလို့ ယခုထက်ထိ ထင်ရှားနေပါသေးတယ်။

ဒါပေမဲ့လည်း အေသင်ဥပဒေအရ ရုံးတော်ကနေ ဆိုကရေးတီးစ်ကို အပြစ်ရှိတယ်လို့ တဖက်သတ် ဆုံးဖြတ်ကာ အဆိပ်ကျွေးပြီး သေဒဏ် အပြစ်ပေးခဲ့ကြတော့တာပေါ့။

ဆိုကရေးတီးစ်ဟာ နောက်ဆုံးချိန်အထိ သူ့ရဲ့ ယုံကြည်ရာအတွက် အသက်ကို စတေးခဲ့ခြင်း ဖြစ်တယ် ညီလေးရေ။


mgyoe.com

mgyoe.com SAMPLE BOOK


(၃)

နောက်တဦးကတော့ နီကိုလာ့စ် ကော့ပါးနီကပ်စ်။

သူဟာလဲ အမှန်တရားကို အသက်ပေး ကာကွယ်သွားခဲ့တဲ့ ပိုလန်နိုင်ငံသား နက္ခတ္တဗေဒပညာရှင်ကြီး တဦးပေါ့ ညီလေးရယ်။

ကော့ပါးနီကပ်စ်တို့ခေတ်မှာ လူသားတွေဟာ တော်လမီရဲ့-

'နေက ကမ္ဘာကြီးကို လှည့်ပတ်နေသည်၊ ကမ္ဘာကြီးက စကြဝဠာ၏ အလယ်တည့်တည့်တွင် ရှိသည်'

ဆိုတဲ့ အယူအဆကို လက်ခံထားကြတယ်။

ကော့ပါးနီကပ်စ် ကတော့ ဒီအယူအဆမှာ မှားယွင်းနေကြောင်း တွေ့ရှိခဲ့ပြီး-

'ကမ္ဘာသည် နေကို ဝန်းရံလှည့်ပတ်နေသည်၊ စကြဝဠာကြီးရဲ့ အလယ်တည့်တည့်၌ ရှိနေသည်မှာ ကမ္ဘာကြီး မဟုတ်ဘဲ 'နေ'သာ ဖြစ်သည်'

လို့ နေဗဟိုပြု သီအိုရီကို ပြောဆိုခဲ့တယ်ကွဲ့။

ကော့ပါးနီကပ်စ်ရဲ့ နေဗဟိုပြု သီအိုရီက စကြဝဠာဆိုင်ရာ အယူအဆဟောင်းကို စွန့်ပယ်ပြီး အမြင်သစ်နဲ့ နက္ခတ္တဗေဒလောကကို


mgyoe.com

mgyoe.com SAMPLE BOOK


ပြောင်းလဲစေခဲ့တယ်။ ဒါပေမဲ့ တခြားပညာရှင်တွေနဲ့ ဘာသာရေးဂိုဏ်းအကြီးအကဲတွေက နေဗဟိုပြု သီအိုရီကို လက်မခံဘဲ ကော့ပါးနီးကပ်ရဲ့ ပြောကြားချက်တွေမှာ အမှားတွေပါလို့ အတင်းအဓမ္မ ခြိမ်းခြောက်ဝန်ခံခိုင်းခဲ့ကြတယ်။

ဒါပေမဲ့လဲ ကော့ပါးနီကပ်စ်က သူ့ရဲ့ တွေ့ရှိချက်တွေမှာ မမှားပါဘူးလို့ တင်းခံရင်း ၁၅၄၃ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှာတော့ ကြိုးပေးသေဒဏ်ကျ ခံခဲ့ရပါတော့တယ်။

ကော့ပါးနီးကပ်စ်ဟာ ယုံကြည်ချက်ကို အသက်နဲ့ လဲကာ ကာကွယ်သွားခဲ့ခြင်းပါပဲ ညီလေးရေ။


mgyoe.com

mgyoe.com SAMPLE BOOK


## (၄)

အင်္ဂလန်နိုင်ငံသူ သူနာပြုဆရာမကြီး အီဒစ် လူဝစ်ဇာ ကေဗယ်လ် ဟာလဲ ယုံကြည်ရာအတွက် အသက်စွန့်ခဲ့သူ အမျိုးသမီးကြီး ဖြစ်ပါတယ် ညီလေးရေ…။

ကေဗယ်လ်ဟာ သူနာပြု အလုပ်ကို ဆောင်ရွက်ရာမှာ ဝတ္တရားအရ မဟုတ်ဘဲ လူနာတွေကို မိသားစုတယောက်လို ပြုစုစောင့်ရှောက်မှု ပေးခဲ့သူ ဖြစ်တယ်။

၁၉၀၇ ခုနှစ် အရောက်မှာတော့ ကေဗယ်လ်ဟာ ဘယ်လ်ဂျီယမ်နိုင်ငံ၊ ဗရပ်ဇဲမြို့က ဆေးရုံတရုံမှာ သူနာပြုချုပ် ဖြစ်လာခဲ့တယ်။

အဲဒီ ကာလဟာ ဂျာမန်စစ်သားတွေက ဘယ်လ်ဂျီယမ်နိုင်ငံကို ဝင်ရောက် တိုက်ခိုက်ချိန် ဖြစ်တာကြောင့် ဗရပ်ဆဲဆေးရုံမှာ လူနာတွေနဲ့ ပြည့်နှက်နေချိန်လဲ ဖြစ်တယ်။

သူနာပြုဆရာမကြီး ကေဗယ်လ်ဟာ ဒဏ်ရာရ ပြည်သူတွေနဲ့ စစ်ပြေးဒုက္ခသည်တွေကို ဆေးရုံများစွာက သူနာပြုတွေနဲ့တူ သူနာပြုအဖွဲ့တွေ ဖွဲ့စည်းပြီး ပြုစုစောင့်ရှောက်မှု ပေးခဲ့တယ်။

ဂျာမန်စစ်တပ်က ဘယ်လ်ဂျီယမ်နိုင်ငံကို သိမ်းပိုက်လိုက်ချိန်မှာတော့ ဗရပ်ဇဲမြို့ဟာလဲ ဂျာမန်လက်အောက်ကို ကျရောက်ခဲ့ရပါ


mgyoe.com

mgyoe.com SAMPLE BOOK


တော့တယ်။ မကြာမီ ကာလမှာ စိတ်ရင်းစေတနာ ကောင်းမွန်ပြီး ကရုဏာ၊ မေတ္တာ ကြီးမားသူ သူနာပြုဆရာမကြီး ကေဗယ်လ်ဟာ ဂျာမန်စစ်တပ်ရဲ့ အမျက်ရှမယ့် လုပ်ရပ်တခုကို ပြုလုပ်မိခဲ့တယ်။

ဘယ်လ်ဂျီယမ်နိုင်ငံ လွတ်လပ်ရေးအတွက် ပုန်းလျှိုးကွယ်လျှိုးနဲ့ ဘယ်လ်ဂျီယမ်နိုင်ငံအတွင်း ရောက်ရှိနေခဲ့ကြတဲ့ ဗြိတိသျှ မဟာမိတ် စစ်သည်တော်တွေကို ကူညီပြုစုပေးခဲ့တယ်။

သူနာပြု ဆရာမကြီး ကေဗယ်လ်ဟာ ဘယ်လ်ဂျီယမ်နိုင်ငံမှာ ပိတ်မိနေတဲ့ မဟာမိတ်စစ်သည် ၂၀၀ ကျော်ကို ဂျာမန်တို့ လက်ကနေ လွတ်အောင် ကူညီပေးလိုက်မိတယ်။

ဒါကြောင့် ဂျာမန် အာဏာပိုင်တွေက ၁၉၁၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှာ သူနာပြုဆရာမကြီး ကေဗယ်လ်ကို ဖမ်းဆီးကာ အကျဉ်းချလိုက်ကြပါတော့တယ်။

သူနာပြုဆရာမကြီး ကေဗယ်လ်ကို ရက်သတ္တပတ် ၁၀ ပတ်ကြာ အကျဉ်းချပြီးနောက် ၁၉၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှာ သေဒဏ်ပေးဖို့ စီစဉ်ကြပါတော့တယ်။ သူနာပြုဆရာမကြီး ကေဗယ်လ်ဟာ သေနက်နဲ့ ပစ်သတ်မခံရမီ သူ့ရဲ့ နောက်ဆုံးအချိန်မှာ ဂျာမန်အာဏာပိုင်တွေကို-

'မျိုးချစ်စိတ် ရှိရုံနဲ့ မလုံလောက်ဘူး' ဆိုတဲ့ ရဲရဲတောက် နောက်ဆုံးစကားနဲ့ စိန်ခေါ်သွားခဲ့ပါသေးတယ်ကွဲ့။

သူနာပြုဆရာမကြီး အီဒစ် လူဝီဇာ ကေဗယ်လ်ဟာ သူ ယုံကြည်တဲ့ ကျောသားရင်သား မခွဲဘဲ ကယ်တင်ရမယ် ဆိုတဲ့ သူနာပြု စိတ်ဓာတ် ကို အသက်နဲ့ လဲသွားခဲ့တာပေါ့ ညီလေးရေ။


mgyoe.com

m g y o e . c o m SAMPLE BOOK


(၅)

ရှန်းကန်လှုပ်ရှားနေရတဲ့ လူ့ဘဝကြီးမှာ ယုံကြည်ရာ၊ ယုံကြည်ချက်ဟာ သိပ်ကို အရေးပါတယ်။

ယုံကြည်မှုဟာ အောင်မြင်မှုအတွက် အင်မတန် အရေးကြီးတယ်။

အခက်အခဲတွေ ရင်ဆိုင်လာရချိန်မှာတောင် မိမိ ယုံကြည်ရာကို မစွန့်လွှတ်ကြစတမ်းပေါ့။


ဒါပေမဲ့ အဲဒီယုံကြည်ချက်က စစ်မှန်တဲ့ ယုံကြည်ရာတော့ ဖြစ်နေပါစေ ညီလေးရေ။

၃၊ ၁၁၊ ၂၀၂၂။

■


mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

(၁)

ညီလေးရေ…

ကမ္ဘာ့ယဉ်ကျေးမှုတွေထဲမှာ ဂရိယဉ်ကျေးမှုကို အစ်ကိုတော့ သိပ်စိတ်ဝင်စားတာပဲ။ ရှေးခေတ် ဂရိဇာတ်လမ်းတွေအကြောင်း ရေးသားထားတဲ့ စာပေတွေက အစ်ကို အကြိုက်ဆုံးထဲက တခုပေါ့။ တလောက အစ်ကို ဖတ်မိပြီး သဘောကျ နှစ်ခြိုက်မိတဲ့ ဇာတ်လမ်းလေးကို ညီလေးအတွက် ပြောပြချင်တယ်။ အလက်ဇန္ဒား ကေရာဇ်နဲ့ ဒဿန ပညာရှင်ကြီး ဒိုင်အိုဂျီးနီးစ်ရဲ့ ဇာတ်လမ်းလေးပါ ညီလေးရေ…။



mgyoe.com

mgyoe.com SAMPLE BOOK


(၂)

ဂရိနဲ့ ပါရှန်းဒေသတွေကိုသာမက အိန္ဒိယအထိပါ မက်ဆီဒိုနီးယား အင်ပါယာ အာဏာစက်ကို ပျံ့နှံ့ဖို့ ကြိုးစားခဲ့တဲ့ အလက်ဇန္ဒားကို ဘီစီ ၃၅၆ တုန်းက မက်ဆီဒိုနီးယား မြို့ပြနိုင်ငံငယ်လေးမှာ မွေးဖွားခဲ့တယ်။ မက်ဆီဒိုနီးယားဟာ ဂရိရဲ့ အစိတ်အပိုင်း တခုပါပဲ။ ဒါပေမဲ့ အေသင်၊ စပါတာ မြို့ပြနိုင်ငံတွေနဲ့ မနှိုင်းယှဉ်နိုင်လောက်အောင် သေးငယ်နုံချာခဲ့ပါတယ်။

အဲဒီကာလတွေမှာ ဂရိနိုင်ငံတွေဟာ ဂရိအချင်းချင်း တိုက်ပွဲတွေ၊ ဂရိနဲ့ ပါရှန်းတိုက်ပွဲတွေ ဖြစ်ပွားနေချိန်ပေါ့။ တိုက်ပွဲတွေနဲ့ ပတ်ချာရမ်းနေရတဲ့ ဂရိတွေဟာ မက်ဆီဒိုနီးယားကို သတိမမူမိကြဘူး။ ဒါကို အခွင့်ကောင်းယူပြီး အလက်ဇန္ဒားရဲ့ ခမည်းတော် ဒုတိယမြောက် ဖိလစ်ဘုရင်ဟာ မက်ဆီဒိုနီးယားအတွက် ရေရှည်စီမံကိန်းတွေ ရေးဆွဲနေခဲ့တယ်။

စစ်ဘေးရှောင်လာတဲ့ အနုပညာရှင်တွေ၊ အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေကို သူ့ရဲ့ နိုင်ငံငယ်လေးမှာ နိုင်ငံရေး ခိုလှုံခွင့် ပေးခဲ့တယ်။ ဒါတွေက မက်ဆီဒိုနီးယား အင်ပါယာ ဘုန်းမီးနေလ တောက်ဖို့


mgyoe.com

mgyoe.com SAMPLE EBOOK

အတွက် ရှေ့ပြေးနိမိတ်တွေပေ့ါ ညီလေးရေ…။

ဖိလစ်ဟာ ခိုလှုံလာတဲ့ ပန်းချီပညာရှင်တွေ၊ ဂီတပညာရှင်တွေ၊ ဒဿနိကပညာရှင်တွေကို ထိုက်တန်တဲ့ အဖိုးအခ ပေးပြီး သူ့နိုင်ငံအတွက် ပါဝင်ကူညီဖို့ ဌားရမ်းခဲ့တယ်။ ဒါကြောင့်လဲ အလက်ဇန္ဒားဟာ အသက် ၁၃ နှစ် အရွယ်ကတည်းက ဂရိအကျော်အမော် အရစ္စတိုတယ်ရဲ့ သင်ကြားပို့ချမှုအောက်မှာ ထက်မြက်တဲ့ လူငယ်တယောက် ဖြစ်ခွင့်ရခဲ့တာပေ့ါလေ။

ဆရာကောင်းတပည့် ပီသခဲ့တဲ့ အလက်ဇန္ဒားဟာ ၁၆ နှစ်အရွယ်ကတည်းက စစ်တပ်ကို ဦးစီးနိုင်ခဲ့ပြီ။ ဂရိ၊ ပါရှန်းကိုသာမက အာရှမြေအထိပါ လှမ်းမျှော်မြင်နိုင်လာခဲ့ပြီ။ ဖခင် နတ်ရွာစံတော့ အသက် ၂၀ ပဲ ရှိနေသေးပေမဲ့ တခြားနိုင်ငံတွေက ဖိန့်ဖိန့်တုန်အောင် ကြောက်ရတဲ့ စစ်ဘုရင်တပါး ဖြစ်နေခဲ့ပြီ။ အလက်ဇန္ဒား ဆိုတဲ့ သူ့အမည်နာမဟာ 'မဟာ' (The Great) တပ်ကာ မဟာအလက်ဇန္ဒား (Alexander The Great) လို့ ထင်ပေါ်ကျော်ဇောနေသူပေ့ါ ညီလေးရေ။


mgyoe.com

mgyoe.com SAMPLE BOOK


(၃)

ဒိုင်အိုဂျီးနီးစ်ကတော့ စီးနောပ်မြို့မှာ ဘီစီ ၄၁၂ တုန်းက မွေးဖွားခဲ့တဲ့ ဂရိဒဿနိကပညာရှင် ဖြစ်တယ်။ သူဟာ ဆိုင်းနစ် အတွေးအခေါ်ဝါဒဂိုဏ်းကို တည်ထောင်ခဲ့သူ။ ဆိုင်းနစ်ဝါဒ ဆိုတာ လူ့ဘောင်လောကနဲ့ ခပ်ကင်းကင်းနေတဲ့ ဝါဒလို့ လွယ်လွယ်ပြောရမှာပေ့ါ ညီလေးရယ်။

ဒိုင်အိုဂျီးနီးစ်နဲ့ ပတ်သက်ပြီး ထင်ရှားတဲ့ ဖြစ်ရပ်တခုက သူဟာ အေသင်မြို့လယ်ကောင်မှာ နေ့ခင်းကြောင်တောင် မီးအိမ်ဆွဲပြီး ရိုးသားသူ မိတ်ဆွေစစ်ကို အမြဲလိုက်ရှာနေခဲ့တယ်။ ဒါပေမဲ့ မိတ်ဆွေစစ် တယောက်မှ မတွေ့ရဘူးလို့ ဆိုခဲ့သူလဲ ဖြစ်တယ်။

ဒိုင်အိုဂျီးနီးစ်ဟာ ဆိုင်းနစ်ဝါဒ ကိုင်စွဲသူပီပီ ဘဝကို ပကာသန မပါဘဲ ရိုးရိုးရှင်းရှင်း ဖြတ်သန်းနေသူပေ့ါ ညီလေးရေ။

၄ ၄ ၄


mgyoe.com

m.gyoe.com SAMPLE BOOK

(၄)

တနေ့တော့ မဟာအလက်ဇန္ဒားနဲ့ ဒိုင်အိုဂျီးနီစ်တို့ နှစ်ဦးဟာ လမ်းကျဉ်းလေးတခုမှာ မျက်နှာချင်းဆိုင် ဆုံတွေ့ကြတယ်။ တယောက်က ဂုဏ်ပကာသနအပြည့်နဲ့ မင်းကေရာဇ်၊ တယောက်က ပကာသနမဲ့ သာမန်ပြည်သူ။

အလက်ဇန္ဒားက စပြီး-

"ကျုပ်က Alexander The Great"

လို့ စတင် မိတ်ဆက်လိုက်တယ်။

ဒိုင်အိုဂျီးနီးစ်ကလဲ-

"ငါက Diogenes The Cynic"

လို့ ချက်ချင်း တုံ့ပြန်လိုက်တယ်တဲ့ ညီလေးရေ။

Cynic ဆိုတဲ့ အဓိပ္ပာယ်က ခွေး (Dog) ပါပဲ။ ဟိုက သူ့ကိုယ်သူ မဟာတပ်ပြီး မဟာအလက်ဇန္ဒားလို့ ဂုဏ်ယူဝံ့ကြွားစွာ ပြောတော့ 'မင်းက မဟာ ဆိုရင် ငါက ခွေးကွ' လို့ အရွဲ့တိုက် ဆိုခဲ့ဟန် တူပါတယ် ငါ့ညီရေ။

ൟ ൟ ൟ


m.gyoe.com

mgyoe.com SAMPLE BOOK


(၅)

'မင်းက မဟာ၊ ငါက ခွေး' ဆိုတာ အရွဲ့တိုက် စကားပေမဲ့ သူ့နောက်ကွယ်မှာ လေးနက်တဲ့ အဓိပ္ပါယ်တွေ ရှိနေတယ်လို့ အစ်ကို ထင်တယ် ညီလေး။

ဒိုင်အိုဂျီးနီးစ်အတွက် လူ့ဘဝ ဆိုတာ ဂုဏ်ပကာသနတွေ ရှေ့ရောက်နေတဲ့ လောကကြီး။ မနာလိုမှု၊ ဝန်တိုမှု၊ ဟန်ဆောင်လှည့်ဖြားမှုတွေနဲ့ ပြည့်နှက်နေတဲ့ မကောင်းဆိုးဝါးနယ်မြေ။

ခွေး ဆိုတာက ဂုဏ်ပကာသန နားမလည်၊ မနာလိုကင်း ဝန်တိုရှင်းတဲ့ သစ္စာရှိတဲ့ သတ္တဝါ မဟုတ်လား ညီလေးရယ်။ ဒါကြောင့်လည်း ဒိုင်အိုဂျီးနီးစ်က လူ့ဘောင်မိစ္ဆာနယ်က လွတ်အောင် နေထိုင်နေတဲ့ ပညာရှိကြီးပီပီ သူ့ကိုယ်သူ ခွေးပါလို့ ဝံ့ဝံ့ကြွားကြွား ထုတ်ဖော်ခဲ့တာပေါ့ ညီလေးရေ။

နောက်ပြီး မဟာအလက်ဇန္ဒား ကိုယ်တိုင်ကတောင်-

"ငါဟာ အလက်ဇန္ဒား မဖြစ်ခဲ့ရင် ဒိုင်အိုဂျီးနီးစ် ဖြစ်ချင်တယ်"

လို့ သူ့ဆန္ဒကို ထုတ်ပြောခဲ့ရတယ်တဲ့။


mgyoe.com

mgyoe.com SAMPLE BOOK


(၆)

လူဘောင်လောကမှာ အစ်ကိုတို့၊ ညီလေးတို့ လူသားတွေဟာ Great (မဟာ) ဖြစ်ချင်ကြတယ်။

စီးပွားရေးမှာ Great ဖြစ်ချင်တယ်။

နိုင်ငံရေးမှာ Great ဖြစ်ချင်တယ်။

လူမှုရေးမှာ Great ဖြစ်ချင်တယ်။

တန်ခိုးသြဇာမှာ Great ဖြစ်ချင်ကြတယ်။

ဒါပေမဲ့ ပညာပြည့်ဝ နှလုံးလှသူ ဖြစ်ဖို့ကိုတော့ မေ့နေတတ်ကြတယ်။

ဒီဇာတ်လမ်းလေးကို ဖတ်ပြီးချိန်မှာ အစ်ကိုလဲ နယ်ပယ်အသီးသီးမှာ အလက်ဇန္ဒား မဖြစ်ခဲ့ရင် ဒိုင်အိုဂျီးနီးစ် ဖြစ်ချင်တယ်။

ညီလေးကိုလဲ အလက်ဇန္ဒား မဖြစ်နိုင်ခဲ့ရင်တောင် ဒိုင်အိုဂျီးနီးစ်တော့ ဖြစ်စေချင်တယ် ညီလေးရယ်။

၄၊ ၁၁၊ ၂၀၂၂။

■


mgyoe.com